ကျန်ခေါင်းဆောင်များက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြွားစရာရှာစဉ်းစားကြ၏၊ ဒါပေမဲ့ သိကြတဲ့အတိုင်း အာဆီယံ(၁၀)နိုင်ငံထဲမှာ သူတို့(၂)နိုင်ငံကို ယှဉ်နိုင်သူကမရှိသလောက် ––
အဲဒီအချိန်မှာမြန်မာခေါင်းဆောင်ကဝုန်းကနဲထရပ်ပြီး သူ့လူတွေဘက်ကိုကြည့်ကာ,"ဟေ့––တစ်ယောက်လာစမ်း"ဟုခပ်မာမာလှမ်းခေါ်လိုက်သည်–––
ထိုအခါ ပုခုံးပေါ်တွင်အခွေအခက်များ တလက်လက်တောက်ပြောင်နေသော မြန်မာစစ်ဗိုလ်ချုပ်တစ်ယောက်က ခပ်ကုပ်ကုပ်လေးသူ့အနားမှာလာရပ်လေ၏။
ခေါင်းဆောင်ကြီးက ထိုစစ်ဗိုလ်ချုပ်၏လည်ကုတ်ကိုကိုင်ကာ သင်္ဘောဝရန်ဒါအနီးသို့ဆွဲခေါ်သွားပြီး ရေထဲသို့ဆောင့်ကန်ချလိုက်လေသည်–––
ပြီး နေရာသို့ပြန်လာပြီး ကြောင်အမ်းအမ်းနှင့် သူ့အားဝိုင်းကြည့်နေသူအားလုံးကို ဝင့်ကြွားကြွားကြည့်လိုက်ရင်း–––
"ကျုပ်တို့ဆီမှာဗိုလ်ချုပ်တွေအရမ်းပေါတယ်ဗျာ"ဟုပြောလိုက်လေတော့သည်။

**mokenlay**

## မကြွား

ရွာစုရပ်ကွက်(၆)ရှိ သမီးဖြစ်သူက ဖခင်အား ကျောင်းတွင်မေးဖြေစကားရည်လုပြိုင်ပွဲအား လာရောက်အားပေးရန်တွန်းအားပေးနေသည်။
**သမီး**–"အပါးအားရင်––သမီးပြိုင်ပွဲဝင်တာလာကြည့် အားလာပေးပါလား။"
**ဖခင်**–"ဟွန့်ဒီပြိုင်ပွဲမှာယှဉ်ပြိုင်မဲ့ယောကျ်ားလေးတွေကပိုတော်ကြတယ်။ တကယ်လို့သမီးရှုံးပြီးဆုမရခဲ့ရင်အဖေရှက်တယ်။ မလာရဲဘူး။"
**သမီး**–"အပါး–စိတ်ချ—သမီးဆုရမှာပါ။ဟို—ကညီပိဉ်မုဉ်ကရာမဲးကစံထဲကမေးဖြေအစီအစဉ်မှာ တစ်ယောက်တည်းဖြေတာမဟုတ်ဘူး။သမီးကမှတစ်ဦးတည်းမေးဖြေပြမှာကြည့်ထား။ ယောကျ်ားလေးတွေကိုအပြတ်အသတ်နိုင်စေရမယ်။"
**ဖခင်**–"ဟုတ်ပါပြီမကြွား––မမေးဖြေကြာနိုင်ကြီးရယ်——"

**အပြုံးစာစောင်**

# ဖုန်.အခွန်တော်

နင်လည်းနင် ငါလည်းငါပေါ့
ဟော့ရမ်းသေးသွမ်းမပြောင်းလဲ၍
အကြောင်းမသိအကျိုးမသိဘဲ
မရှိတာကို ရှိတဲ့။

တနေ့လုပ်မှ တော်ကာကျတဲ့
ဘဝကံပေးသည်ဖြစ်ရေးအား
စားတော့ဆားမပါ
ငရုပ်သီးဗလာနတ°နဲ့
ငပိဆိုဝေးပါလေရော။

တကယ်တော့ရှင်းရှင်း
ထမင်းတောင်နပ်မမှန်
လောကဓံ၏ပြင်းထန်
ရိုက်ခတ်သံ ဆူဝေတောမှ
မောလို့ မိသားစုနှင့်အတူနားနေတုန်း
အပြုံးနဲ့ရောက်လာ
အားကိုးရမှာသေချာတွေး
ဟေးဆိုအသပြာပေးပါ
ငွေပေးပါပြောတော့
ရင်မောခြင်းမှလွဲ ဘာတတ်နိုင်အုံးမလဲ။

သေချာပြီလူသားပီပီ
မတူညီတဲ့အခွင့်ရေး
တွေးရင်းနဲ့ရင်လေးတာဘဲ
များလာတာက''ဒုက္ခသည်''ပေ့ါ။ ။

အက်ကလိုသိန်း

# အချိုးအကွေ့

ငါတို့ခရီးအစမှာလည်းအဆင်မချောခဲ့
ဇာတိသွေးဇာတိမာန်မျိုးချစ်စိတ်အပြည့်နဲ့သာ
ရာစုနှစ်တစ်ခုထိ ဝင့်ထည်စွာမာန်တူနေခဲ့။

ခရီးတဝက်လည်းအရောက်----
မာန်စွယ်ခဲကြီးတစ်ချို့အရည်ပျော်လို့
အကွဲအပြဲဇာတ်လမ်းဖြစ်ပေါ်ခဲ့ရ။

ဓဏ်ရာများနဲ့ခရီး မာယာများတဲ့ခရီး---
ပရိယာယ်အပြည့်နဲ့ ဝက်ပိါလမ်းတွေက
ပေးတဲ့သင်ခန်းစာကို
ငါတို့ကွဲကွဲပြားပြားမမြင်တတ်သေးတာလား။
တမင်လျစ်လျူရှုနေတာလား။

ခုချိန်ခါမှာ ငါတို့ခရီးတာတစ်ခုထိတွင်နေလေပြီ
မိစ္ဆာကဝေများယောင်းသံလည်းသဲ့သဲ့ကြားနေရပြီ
သားရဲတို့၏မာန်ဟိန်းသံလည်းကြားနေရ၏။

ရှေ့ကတစ်လှမ်း အချိုးအကွေ့သတိမူလော့
ငါတို့ပန်းတိုင် ငါတို့မာန်စွယ်ငါတို့ခရီး
မှေးမှိန်ပျောက်ကွယ် မြေခမသွားရစေဖို့
ငါ့အမျိုးတို့သတိရှိကြလော့။

ဒူးရမောလေး
(သူးလေပြည့်သား)

# နှစ်သစ်

နှစ်သစ်ရဲ့အစ
သွားရမယ့်အခိက
သန့်ရှင်းခြင်းတဲ့လား
တို့တွေသိတဲ့သန့်ရှင်းခြင်း
အမှိုက်သရိုက်လို့အတင်းအဖျင်း
အချင်းချင်းကိုတိုက်ခိုက်
စရိုက်အမှားပေါင်းစုံကို
အိတ်ဟောင်းထဲထည့်ကာလွှယ်
မနိုင့်တနိုင်ဝန်ကိုထမ်း
လျှောက်လှမ်းမယ့်ဦးတည်ချက်
ခိုင်ခိုင်တွဲလို့
သို့သော်
ဘုရားသခင်ရဲ့သန့်ရှင်းခြင်း
ရိုးရိုးလေးနဲ့ရှင်
ချစ်ခြင်းမေတ္တာသာ အကြွေးထား
အတွေးမမှားဘဲ
ပြောင်းလဲစေဖို့
လူတွေကိုပုံသွင်း
နားလည်ရန်ခက်ပါရဲ့
သို့ဖြစ်၍
သန့်ရှင်းခြင်းရဲ့ပန်းတိုင်
လှမ်းကိုင်ကာလျှောက်လှမ်းနိုင်ဖို့
အလို့တော်ကိုဝန်ခံစို့ရယ်လို့
တူညီညာနှိုးဆော်ရင်း
လျှောက်လှမ်းစို့
နှစ်သစ်သို့

ခိုင်စံရွှေမြင့်

# ပေါင်းစည်းပြည့်စုံ သံလွင်ဖြိုး

အေးမြကြွယ်ဝငါသံလွင်
သဲသောင်ကျောက်ဆောင်ငါပန်းချီ
လျှင်မြန်စီးဆင်းငါသမုဒ္ဒရာထိ

ရေနက်စီးကြမ်းရှည်လျား
အတားအဆီးများမဟန့်တားနှင့်
ရှေ့ကပိတ်ပင်ရှင်းလင်းမည်။

လူဖြူလူမဲမခွဲခြားဘဲ
ကျောရိုးဖြတ်ကာကူးသန်းကြ
စိတ်ရင်းစေတနာစုံလျှင်စွာ

မြစ်ဖျားမြစ်ဆုံမိုးခိုမှ
စိမ်းလန်းစိုပြေစမ်းချောင်းတွေ
သစ်တောသာယာသံလွင်သာ။

ငါစီးဆင်းဖြတ်ကျော်ကရင်ပြည်
ငါအကျိုးရှင်သန်ကရင်ပြည်
ငါကရင်မှတပါးအခြားသူမသိ

နီဖြူပြာသုံးရောင်ခြယ်အလံ
လှိုင်းထသာယာသံလွင်မှာ
တည်မြဲရှိခြင်းထာဝစဉ်

သီတာရေလိုအေးမြမြစ်
အဆုံးမဲ့ချစ်ခြင်းမေတ္တာ
ကရင်သံလွင်သာပြီးပြည့်စုံ။

တောင်ငူ–အဲ့မို



# အမေကြိုဆိုလိုက်ပါ

နွေရာသီကျောင်းပိတ်ရက်တွင် သာယာကုန်းရွာနွေရာသီဓမ္မပညာနှင့် ယဉ်ကျေးမှုစာပေသင်တန်းပိတ်ရက်မို့ လူငယ်မောင်မယ်တစ်ချို့ပျော်ပွဲစားထွက်ရန် အပျော်ရွှင်ဆုံးသူထဲတွင် စောအယ်ကလူမူတစ်ယောက်လည်းပါဝင်ပါသည်။ ဟုတ်ပါသည်။ ဒီလိုသင်တန်းကလည်း ကရင်ခရစ်ယာန်ယုံကြည်သူများအတွက်တော့ နှိုင်းတုစရာမရှိပါ။ဒီလိုနဲ့ဆရာ/မအပါအဝင် သင်တန်းသူ/သားဆယ့်နှစ်ဦး ယာဉ်မောင်းသူနှင့်စပါယ်ယာ ပေါင်းနှစ်ဆယ်ဦးဖြင့်ရွာထိပ်တွင်ပျော်ပွဲစားခရီးထွက်ရန် အထုတ်အပိုးကိုယ်စီဖြင့်ယာဉ်အထွက်အားထိုင်စောင့်ရင်း သင်တန်းသားတစ်ဦးထဲကဖြစ်မည်။“ဟော့--ဟော့--မျိုးချစ်ဒီအထဲမှာရှိလား?”ဟုလှမ်းမေးလိုက်သည်။ ဒီလိုနဲ့ ယာဉ်၏ဘေးထောင့်မှလူငယ်တစ်ဦးက,“အေး-ရှိလားမရှိလားတော့မပြောတတ်ဘူး။ကျမ်းစာထဲမှာတော့ လူမျိုးအားမုန်းတီးပြီးအညွန့်တုံးချေမှုန်းသတ်ဖြတ်တဲ့ပေါလုကြီးကတော့ နောက်ဆုံးမှာ ခရစ်ယာန်ယုံကြည်သူအတွက်အများကြီးပြောင်းလဲသွားတဲ့ရှင်ပေါလုကြီးတော့ရှိတယ်”ဟုဆိုပြီး စတင်မေးမြန်းသူအား တဟီးဟီး-တဟားဟား-တခစ်ခစ်နဲ့လှောင်ပြောင်နေစဉ် ဆရာမတစ်ဦးက,“ကဲ-ကဲ-ကလေးတို့ ခရီးမထွက်ခင် အားလုံးဆုတောင်းကြရအောင်၊ အသွားအပြန်ဘေးအန္တရာယ်ကင်းရှင်းပြီး၊ကိုယ့်နေရာနှင့်ကိုယ်အေးအေးဆေးဆေးပြန်လည်ရောက်ရှိအောင်ဆိုပြီးအဆိုပြုသောကြောင့် ခရီးထွက်မည့်သူအားလုံး တိတ်ဆိတ်စွာဖြင့်ဆုတောင်းသံအားနားစွင့်ရင်း(အာမင်)ဆိုတဲ့ပြီးဆုံးသံနှင့်အတူ လှုပ်ရှားရှားဖြင့် ယာဉ်ပေါ်တွင်နေရာယူကာခရီးဦးစတင်ထွက်ခွာပါတော့သည်။

ယာဉ်စတင်ထွက်ခွာချိန်မှာ မနက်ရှစ်နာရီ တိတိပါဘဲ၊ သံတောင်မြို့သစ်(၁၃)မိုင်သို့ ဆယ်နာရီအချိန်ရောက်ရှိပြီး ခေတ္တအနားယူအပေ့ါအပါးသွားကြပြီးနောက် ဆယ့်တစ်နာရီတွင်ခရီးဆက်ထွက်ခဲ့သည်။ သင်တန်းပိတ်ရက်မို့ သူငယ်ချင်းများနှင့်အတူ ခရီးထွက်ရတာအပျော်ရွှင်ဆုံးခရီးစဉ်ပါဘဲ။ သံတောင်မြို့သစ်နှင့် သံတောင်ကြီးမြို့ရဲ့ကားလမ်းအကွေ့အကောက် တောင်ရဲ့အောက်ခြေ တောင်ငူမြို့အား မျက်စိတစ်ဆုံးမြင်တွေ့ရသည်။သဘာဝရှုခင်းများဖြင့်ပြည့်နှက်နေသည်မို့ ပျော်ရွှင်ကြည်နူးမှုအပေါင်းနှင့်ပြည့်ဝပါသည်။ဟုတ်ပါသည်။ ယခင်အင်္ဂလိပ်၊ ဂျပန်ခေတ် ကားလမ်းဟောင်းကြီးတွေရဲ့အတက်အဆင်းအကွေ့အကောက်ကတစ်မျိုး၊ ယခုလက်ရှိစစ်အာဏာရှင်တွေရဲ့သံတောင်ကြီးတပ်မြို့အဖြစ်ဖွင့်လှစ်လိုက်တာကြောင့် ကားလမ်းအသစ်တစ်ခုဖောက်လုပ်ထားသည်မို့အသွားတစ်လမ်းအပြန်တစ်လမ်း မောင်းနှင်ပြေးဆွဲနိုင်ပါသည်။ ဒီလိုနဲ့ ရွှေညောင်ပင်မှကြို့ဆိုပါ၏ဆိုသည့်ဆိုင်းဘုတ်ကြီးရှေ့တွင် ယာဉ်မောင်းကထိုးရပ်လိုက်သောကြောင့် တခါမှမရောက်ဖူးသောသင်တန်းသူ/သားများက ရောက်ပြီလားဟုမေးသောအခါ စောအယ်ကလူမူက,“မရောက်သေးဘူး။ ဒါပေမဲ့ ခရီးရဲ့သုံးပုံနှစ်ပုံတော့ကျိုးသွားပြီ။”ဟုဖြေကြားလိုက်သည်။ တောင်ငူမြို့မှစတင်ထွက်ခွာလာတော့အင်္ကျီအနွေးထည်မလိုအပ်ပါဟုထင်ရသော်လည်း ယခုသံတောင်မြို့သစ်အားကျော်ဖြတ်လာပြီးနောက် အအေးခေတ်ဝင်လာသလား၊ ဒါမှမဟုတ် ကား၏အရှိန်မောင်းနှင်မှုကြောင့်လားဟုမပြောတတ်၊ စိတ်နှစ်ခွဖြစ်လာပါတော့သည်။ တခါမှမရောက်ဖူးသူများအတွက်တော့ ဤကဲ့သို့ကြုံတွေ့ရပါလိမ့်မည်။တစ်ကယ်တမ်းတော့လည်း ယခင်သံတောင်ကြီးမြို့က ပြင်ဦးလွင်မြို့နှင့်မကွာထပ်တူအေးချမ်းပါသည်။နွေရာသီကာလမှာ ပတ်ဝန်းကျင်ကျေးရွာများအား ကောင်းမွန်စွာကြည့်ရှုမြင်တွေ့နိုင်ပေမဲ့ မိုးနှင့်ဆောင်းရာသီကာလမှာတစ်ဦးနှင့်တစ်ဦးတွေ့သည့်အခါဘယ်သူဘယ်ဝါဆိုတာသဲသဲကွဲကွဲမမြင်တွေ့နိုင်ပါ။ နှင်းမြူများဖုံးလွှမ်းထားခြင်းဖြစ်သည့်ထိုအချိန်ကာလ၌ ညပိုင်းအချိန် ယာဉ်မောင်းနှင်လျှင် နှင်းမြူများပျောက်ကွယ်ပြီးကင်းစင်ပါမှ သွားလာနိုင်သည်။ သို့ပေမဲ့ ယခုလက်ရှိကာလမှာတော့ ၂၀၀၀ခုနှစ်နောက်ပိုင်း ရာသီဥတုပုံမှန်မရှိတော့ပါ။ နအဖစစ်အာဏာရှင်ရှူး၏တပ်မြို့တိုက်ခိုက်ရေး ဘုရင့်နောင်စတင်တည်ဆောက်လိုက်ချိန်မှ သစ်၊ ဝါးများအဆမတန်ခုတ်ထွင်မှုကြောင့် သစ်တောများပြုန်းတီးကာ ရာသီဥတုဖောက်ပြန်မှုများဆက်တိုက်လိုလိုဖြစ်နေပါတော့သည်။ ရွှေညောင်ပင်မှခေတ္တရပ်နားပြီးနောက်ခရီးဆက်ထွက်ခဲ့ပါသည်။တောင်ငူမှရွှေညောင်ပင်ရောက်သည်အထိကားလမ်းအကွေ့အကောက်တို့ကြောင့် ပင်ပန်းရသည်ဟုထင်ရသော်လည်း တောပြာကြီးလမ်းခွဲရောက်တော့ တောင်ကတုံးပမာ သစ်ပင်ဝါးပင်များစိမ်းလန်းစိုပြေမှုကြောင့်၊မြင်ကွင်းများကိုအပေါ်စီးမှ တောင်ခြေရင်းအထိ ထင်ထင်ရှားရှားတွေ့ရသည့်အတွက် စိတ်ထဲတွင် ပင်ပန်းနွမ်းနယ်မှုများပြေ

ပျောက်သွားပါတော့သည်။ သင်တန်းသူ/သားတစ်ချို့ခရီးမထွက်မှီ စောအယ်ကလူမူထံမှ ကြိုတင်စကားမြည်းခဲ့ပေမဲ့ လက်တွေ့မှာတော့ ထင်မှတ်မထားသည့်သဘာဝရှုခင်းကောင်းများကြောင့် ပျော်ရွှင်ပီတိရပါတော့သည်။ သံတောင်ကြီးမြို့ အဝင်ဝသို့ရောက်ရှိချိန်မှာတော့တစ်ချက်တီးဟုဆိုရပါမည်။ ဒီလိုနဲ့သံတောင်ကြီးမြို့ရပ်ကွက်(၁)တွင် တည်းခိုမည်ဟု ပြောဆိုပြီးနောက်၊ ရောက်ရှိသည်နှင့် ယာဉ်ပေါ်မှအထုတ်အပိုးများချ၍ များမကြာမှီတခဏအတွင်းမှာ နော်ဘုဘောတောင် ဆုတောင်းပြည့်ဗိမ္မာန်တော်သို့ဆက်လက်တက်ခဲ့သည်။ မွန်းလွဲသုံးချက်၊လေးချက်တီးချိန်တွင် စောအယ်ကလူမူအပါအဝင် သင်တန်းသူ/သားများနှင့် ဆရာ/မများအားလုံးအတူတကွ ဆုတောင်းဝတ်ပြုကိုးကွယ်ပြီးနောက် စုပေါင်းစုဖွဲ့၍ပြင်ဆင်လာသည့်မုန့်ပဲသားရေစာများအား အစာပြေပျော်ပွဲစားစားသုံးရန်ပြင်ဆင်ချိန် ဦးစီးသင်တန်းဆရာမှ အလန့်တစ်ကြားဟစ်အော်လှမ်းမေးလိုက်သည်။"ဟေ့–ဟေ့–စောအယ်ကလူမူတစ်ယောက်မတွေ့မိပါလား။ဘယ်သွားလဲ။ တွေ့မိကြသလား?"ဟုမေးမြန်းသောအခါ သင်တန်းသူထဲမှ"ဟုတ်ကဲ့ဆရာ ဆုတောင်းကြပြီးချိန်အထိ သူခုနလေးတင်ဒီမှာရှိတယ်။ ဒါပေမဲ့ ကျမကို သူ့သူငယ်ချင်းနဲ့စကားသွားပြောအုံးမယ်လို့ ပြောခဲ့ပါတယ်"ဟုပြန်လည်ဖြေကြားခဲ့သည်။ ကိုယ်စီဆုတောင်းကြပြီး ပျော်ပွဲစားသည့်အစီအစဉ်များဆောင်ရွက်ပြီးသော်လည်းစောအယ်ကလူမူတစ်ယောက်ပြန်လည်ရောက်ရှိမလာပါ။သည်လိုနှင့်ရုတ်တရက်ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ပျောက်ကွယ်သွားမှုကြောင့် အားလုံးပဲစိုးရိမ်အံ့သြသွားကြသည်။

နေလုံးကြီးပျောက်ကွယ်သွားပေမဲ့ စောအယ်ကလူမူ ပြန်မပေါ်လာ၍ နော်ဘုဘောဗိမ္မာန်တော်မှ ပြန်လည်ဆင်းလာရာ တောင်ခြေရပ်ကွက်(၁)သို့ရောက်ရှိသော်လည်း စောအယ်ကလူမူ၏သတင်းအရိပ်အရောင်အစအနမျှမတွေ့ရပါ။ ဆရာ/မနှင့်သင်တန်းသူ/သားအားလုံး စိုးရိမ်စိတ်အပြည့်နှင့်အတူ သံတောင်ကြီးမြို့၊ရပ်ကွက်(၁)တွင်တစ်ညအိပ်စောင့်ဆိုင်းသော်လည်းနောက်တစ်နေ့နေထွက်သည်အထိပြန်မရောက်လာသောကြောင့် ပျော်ပွဲစားအဖွဲ့အားလုံးသံတောင်ကြီးမြို့မှ တောင်ငူမြို့သို့ ပြန်လည်ထွက်ခွာလာရပါတော့သည်။

၁၈နှစ်ကြာပြီးနောက် စောအယ်ကလူမူသည် အမျိုးသားရေး၊ တော်လှန်ရေးတာဝန်များကျေပြွန်စွာထမ်းဆောင်လျက် အိမ်ထောင်ကျကာမိသားစုဝင်များနှင့်ပျော်ရွှင်စွာလုပ်ကိုင်စားသောက်သည့်အချိန် ၂၀၁၆ခုနှစ်၊နွေရာသီကာလအရောက်၊မထင်မှတ်ထားသည့်တစ်ရက် တပ်တွင်းလုပ်ဖော်ကိုင်ဖက်တစ်ဦး၏အဆက်အသွယ်ဖြင့် စောအယ်ကလူမူထံစာတစ်စောင်ရောက်ရှိလာပါတော့သည်။ ထိုစာအိတ်အား စောအယ်ကလူမူ ဖောက်ဖတ်သောအခါ----

**သို့/**

သူငယ်ချင်း ဒီစာကိုရရချင်းငါ့ဆီအရောက်လာခဲ့ပါ။မင်းကိုဖုန်းနဲ့စကားပြောမဲ့သူရှိတယ်။မဲဆောက်နေအိမ်သို့ဆက်ဆက်လာခဲ့ပါ။ စောင့်နေမယ်။

**မင်းသိတဲ့သူငယ်ချင်း**
**စောအယ်ကလူထူး**

စောအယ်ကလူမူကဤစာသည်အရေးကြီးမည်ဟုယူဆပြီးရေးကြီးသုတ်ပျာနေအိမ်မှထွက်ခွာပြီးနောက်မဲဆောက်သူငယ်ချင်းနေအိမ်သို့ရောက်ရောက်ချင်း စောအယ်ကလူထူးနှင့်ထိပ်တိုက်တွေ့ရပါတော့သည်။ စောအယ်ကလူမူက"ဟေ့–သူငယ်ချင်း—အရေးကြီးဘာကိစ္စရှိလဲ?"ဟုလှမ်းမေးရင်း စောအယ်ကလူထူးက"အေး–ခုနလေးတင်မင်းရဲ့အကြောင်းကိုငါ့ရဲ့(တခွါမူ)ညီမဝမ်းကွဲမေးနေသေးတယ်။ ဩ––ဒါနဲ့ ရောက်တုံးအနားယူပြီး ခဏစောင့်အုံးကွာ။ ငါဖုန်းသွားခေါ်ပေးမယ်။"ဆိုပြီး တခဏအတွင်းမှာဘဲ"ဟေ့–သူငယ်ချင်းရပြီး–လာတော့–မင်းကိုအရေးကြီးခေါ်နေတဲ့ဖုန်းဘဲ။"စောအယ်ကလူမူက ဖုန်းအားလှမ်းယူလိုက်ပြီး"ဟဲလို––ဟဲလို––အင်းပြော–ဘယ်သူလဲ?" စောအယ်ကလူမူကစတင်မေးလိုက်ပါသည်။ "ဟုတ်ကဲ့ —ကျမကရင်အမျိုးသမီးအစည်းအရုံးကနော်ဖရီဒါလေ။ ဟိုဖိလပတ်အစည်းအဝေးတုန်းကဆုံဖြစ်ကြတာမမှတ်မိတော့ဘူးလား။"ဟုနော်ဖရီဒါကပြန်လည်ဖြေကြားလိုက်ပါသည်။ တစ်အောင့်လောက်ကြာတော့ စောအယ်ကလူမူမှတ်မိသွားသည်ဟုထင်ရသည်။"ဩ–မှတ်မိပြီး––မှတ်မိပြီး––ဒါနဲ့ ဘာကိစ္စအရေးကြီးအကြောင်းအရာရှိလဲ။" "ဩ—ဒီလိုပါ။ ကျမတောင်ငူမှာစည်းရုံးရေးဆင်းရင်း အစ်ကိုအမေနဲ့ဆုံတွေ့တော့ အဒေါ်ကအကူအညီတောင်းလို့ ကျမအစ်ကိုဝမ်းကွဲနဲ့ ဆက်သွယ်ပြီးအကြောင်းကြားထားခြင်းဖြစ်ပါတယ်။ အစ်ကို–ခဏလေးစောင့်နော် အဒေါ်ကိုဖုန်းလွှဲပေးလိုက်တော့မယ်။"တခဏအတွင်းမှာပင် "ဟဲလို––ဟဲလို" နှစ်ဖက်စလုံးအပြိုင်ခေါ်ဆိုမှုကြောင့် တစ်ဦးအသံတစ်ဦးမကြားရဘဲဖြစ်နေလေသည်။ ထို့နောက် စောအယ်ကလူမူ၏အမေဖြစ်သူမှာ"ဟဲလို––ဖိုးခွါးစောအယ်ကလူမူလား"သားဖြစ်သူက"ဟုတ်ကဲ့––ဖိုးခွါး စောအယ်ကလူမူ အမေ့သားစောဖိုးချစ်အစစ်ပါဗျာ""ဩ––ဒါနဲ့ဖိုးခွါး––အဆင်ပြေနေကောင်းရဲ့လား?""ဟုတ်ကဲ့အမိုး–အားလုံးကျန်းကျန်းမာမာပါဘဲ။"အမေဖြစ်သူက"ဟဲ့––ဒါနဲ့––အားလုံးဆိုတာဘာကြီးလဲ?ဖိုးခွါးထွက်သွားတုန်းကတစ်ယောက်တည်းမဟုတ်လား။""ဒီလိုဗျာအမိုးရာ––ဖိုးခွါး၂၀၁၆မှာအိမ်ထောင်ကျပြီး အမိုးမြေးတွေငါးယောက်တောင်ရှိနေပြီသိလား။"အမေဖြစ်သူအံ့သြဝမ်းသာမဆုံးဖြစ်၍"ဩ–အင်း–အင်း–ဖိုးခွါးရဲ့အမျိုးသမီးကဘယ်ကလဲ?ဘာလူမျိုးလဲ?" "ဟုတ်ကဲ့––ဖိုးခွါးရဲ့အမျိုးသမီးက ရိုးသားတဲ့တောင်ပေါ်သူကရင်မပါဗျာ။""ဒါနဲ့ဖိုးခွါး–ဒီလောက်နှစ်တွေကြာလှပြီ။ ဘာဖြစ်လို့စာမရေးအကြောင်းမပြန်တာလဲဖိုးခွါးရာ၊ အမိုးတို့ဆီကိုပြန်လာလည်ဖို့စိတ်ကူးမရှိဘူးလား?""ဘာလဲ။ အမိုးက––ဖိုးခွါးကို ဟိုစစ်အာဏာရှင်ရူးတွေစီလက်ထဲအပ်မလို့လား။""ဟာ––ဖိုးခွါးကလည်း ငြိမ်းချမ်းရေးကာလလေးအခြေအနေတွေကောင်းနေပြီဘဲ။ အရင်လိုမဟုတ်တော့ဘူးလေ။ ဖိုးခွါးတို့လိုဘဲအမျိုးသားရေးအတွက် ဒီဘက်ကအလုပ်လုပ်ကြတဲ့လူငယ်တွေ သူတို့ရဲ့မိဘ၊ မိသားစုအသိုင်းအဝိုင်းဆီ ဝင်ထွက်နေကြတာအများကြီးဘဲလေ။ ပြန်လာလည်ပါဖိုးခွါးရယ်––အမိုးကြိုဆိုနေမယ်နော်။" စောအယ်ကလူမူ၏မိခင်

တစ်ယောက် တောင်ငူမြို့ နေရပ်ဇာတိသို့ သားအား ပေးမပြန်လာစေချင်လို့ပါ။ သို့ပေမဲ့ စကားအဖြစ်ကြားကောင်းအောင် ချိုသာစွာပြောရပါသည်။ တစ်ကယ်တမ်းတော့လည်း ဘယ်မိခင်မဆို သားတွေနှင့် အတူတကွနေထိုင်ပြီး၊ပျော်ရွှင်သောမိသားစုအားလိုချင်သူတိုင်းဖြစ်ပါသည်။ တစ်ဖက်ကပြန်လည်စဉ်းစားသုံးသပ်ကြည့်တော့လည်း သားအတွေးနှင့် မိခင်အတွေးကတော့လွဲမှားစွာအကြောင်းတစ်ချက်ကလေးမှမရှိပါ။ ဟုတ်ပါသည်။ သားပြောသည့်အတိုင်း လက်ရှိစစ်အာဏာရှင်ရူး(နအဖ)စစ်အစိုးရအုပ်ချုပ်နေသမျှ ပြောင်းလဲမှုတစုံတရာမျှမဖြစ်လာနိုင်။ အခန့်မသင့်ရင် ဖြုန်းစားကြီး ခွေးရူးပမာထဖောက်လာရင် အားလုံးအခက်တွေ့ဒုက္ခရောက်နိုင်သည်။ ယခုလက်ရှိ သမ္မတအသစ်တက်သော်လည်း ထူးခြားမှုအရိပ်အရောင်ကလေးတစက်မျှမရှိပါ။ စစ်မဖြစ်လျှင်ကောင်းမည်။ စစ်ဖြစ်ခဲ့လျှင် အဖတ်ဆယ်ယူလို့မရနိုင်။ အားလုံးဟာရေလိုက်ငါးလိုက်ဖြစ်နေပါတော့သည်။ "ဒါနဲ့––အမိုး ဘယ်လိုလုပ် ဖိုးခွါးဒီမှာရှိတာဘယ်လိုသိလဲ။""ဩ––ဖိုးခွါးရယ်––ဒီလောကမှာရှောင်လွှဲလို့မရ၊ဖုံးကွယ်ထားလို့လည်း မရတဲ့အရာတွေအများကြီးပါ။""အမိုး–ဒေးမူတွေအားလုံးကျောင်းပြီး၊အလုပ်ရအဆင်ပြေကြရဲ့လား?""အင်း––မင်းဒေးမူတွေအားလုံးအဆင်ပြေပါတယ်။ အမိုးဒီကိုဖုန်းမလာဆက်ခင်မှာ ဖိုးခွါးကိုမှာလိုက်ပါသေးတယ်။ သူ့အစ်ကိုကိုတွေ့ရင် ချိတ်ဆက်လို့ရရင်ပြောပေးပါတဲ့။ဒေးမူအိမ်ထောင်ကျရင်ကရင်လူမျိုးဘဲယူမယ်။ ဒါမှမဟုတ်(နောပွာ)အပျိုကြီးဘဲလုပ်မယ် ပြောခိုင်းလိုက်တယ်။""အေး––ဟုတ်ပါပြီး။ အပြောတစ်မျိုး၊ အသွားတစ်လမ်းမဖြစ်စေနဲ့လို့၊ ဒါနဲ့––ဒေးမူဘာအလုပ်လုပ်လဲအမိုး—""ဩ–ဟုတ်သားဘဲ––ဖိုးခွါးကိုပြောဖို့မေ့နေတယ်။မင်းဒေးမူကဘာသာရေးအဖွဲ့အစည်းမှကလေးတွေကိုစောင့်ရှောက်တဲ့မူကြိုဆရာမအဖြစ်နဲ့လေ။ ဖိုးခွါးနဲ့ဖုန်းစကားပြောချင်ပါတယ်တဲ့။ ဒါပေမဲ့ ဒီနေ့–နေ့လယ်မှာ ဘာသာရေးဂိုဏ်းပေါင်းစုံ လူငယ်ဆုတောင်းဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်မှာပါဝင်တာမို့ မလာဖြစ်တာ သူ့အစ်ကိုအတွက် ကျန်းမာပျော်ရွှင်ပြီး လိုအင်ဆန္ဒနှင့်ပြည့်စုံ၍ အမျိုးသားရေးအတွက်(ဆထက်ထမ်းပိုး)ထမ်းဆောင်နိုင်ပါစေလို့ ဒေးမူဆုတောင်းပေးနေမယ်လို့မှာလိုက်ပါသေးတယ်။""အမိုး––ဖိုးခွါးမေးဖို့မေ့ကျန်နေသေးတယ်။ ရှင်ပေါလုကသီဒြယ်ကျောင်းထိုင်ဆရာတော်ကြီးကျန်းမာရဲ့လား။""အေး–ကျန်းမာလျက်ပါဖိုးခွါး၊မင်းထွက်သွားပြီးနောက်ပိုင်းဆရာတော်ကြီးနဲ့ မင်းရဲ့လူငယ်အသင်းကသူငယ်ချင်းတွေမေးမြန်းကြပြီး၊ ဘုရားကျောင်းရဲ့ဗိမ္မာန်ပလ္လင်တော်ရှေ့မှာ မင်းအတွက်ဆုတောင်းမေတ္တာပို့လျက်ပါ။ ဆရာတော်နဲ့ သူငယ်ချင်းများအားလုံး သတိယကြိုဆိုလျက်ပါ။" ဟုတ်ပါသည်။ ဘယ်နိုင်ငံ၊ ဘယ်မြို့၊ဘယ်ရပ်ကွက်နေအိမ်မဆို ကြိုဆိုပါ၏ဆိုတဲ့ဆိုင်းဘုတ်အားတပ်ထားတာအလာဟာသတော့မဟုတ်ပါ။ စိတ်ရင်းအမှန်ဖြင့်ရေးထွင်းထားခြင်းဖြစ်သည်။ "အမိုး––တောင်ငူမြို့ရဲ့ရပ်ကွက်နေအိမ်ကားလမ်းအဆောက်အဦးတွေအရင်လိုဘဲလား?""ဖိုးခွါးရယ်–ဒီလောက်တိုးတက်နေတဲ့ခေတ်မှာမင်းမို့တောသား၊တောင်ပေါ်သားဆန်ဆန်မေးရက်တယ်။ အခုဆိုရင် မြင်ကွင်းအမျိုးမျိုး အဆောက်အဦးနဲ့ကားလမ်းတွေတိုးချဲ့နေကြပြီလေ။ အဖိုးတို့ရှင်ပေါလုကသီဒြယ်ဘုရားရှိခိုးကျောင်းဆိုရင်အများကြီးသာယာလှပသွားပြီ။မင်းမရှိပေမဲ့အမိုးက–မင်းအတွက်ဘုရားကျောင်းမှာ နှစ်တိုင်းပုံမှန်လိုလို စာအိတ်အလှူငွေထည့်ဝေပေးပါတယ်။ အမိုး—နောက်လမှာဆိုရင်ခရီးထွက်စရာရှိတယ်။ ဘာသာရေးမိခင်များအသင်းကလွိုင်ကော်မှာကျင်းပမဲ့မယ်တော်မာရီးယာပွဲနေ့သွားရမှာမို့ ဒါကြောင့် ဟောဒီကဖိုးဒိုမူအကူအညီနဲ့ ဖိုးခွါးကိုဖုန်းဆက်စကားပြောဖြစ်တာပါ။ ဟိုရောက်ရင်လည်း ဖုန်းဆက်အကြောင်းကြားမေးလိုက်ပါမယ်။ ဖုန်းနံပါတ်သိနေပြီဘဲမဟုတ်လား။" ထိုစဉ်စောအယ်ကလူမူကစိုးရိမ်စိတ်ဖြင့် "အမိုးသားတာဝန်နဲ့အလုပ်ရှုပ်နေတယ်။ အဝေးမှာဆိုတော့အဆက်အသွယ်မရဘဲဖြစ်နေမယ်။" သူ၏မိခင်က,"ကိစ္စမရှိဘူးဖိုးခွါး––ဖိုးဒိုမူနော်ဖရီဒါက ကရင်အမျိုးသမီးအစည်းအရုံးကလေ။ အမိုးတို့ကို ပေါင်းကူးတံတားဆက်သွယ်ကူညီပေးမဲ့သူပါ။ စိတ်သာချ။" စောအယ်ကလူမူက,"အင်း––အင်း–ဟုတ်ပါပြီ။ အမိုးတို့လိုဘာသာရေးမိခင်များအသင်းနဲ့(ကညီပိဘ်မုဉ်ကရၢ)တွေ မညည်းညူမယိမ်းယိုင်ဘဲ အချိန်မှန်လုပ်ရှားတာဝန်ထမ်းဆောင်တာကြည့်ပြီး ဖိုးခွါးအများကြီး ဂုဏ်ယူဝင့်ကြွားပါတယ်။ အမိုး––ဒါပဲနော်။ ဖုန်းဆက်တာတစ်အားကြာသွားပြီ။ သူငယ်ချင်းကိုအားနာစရာဖြစ်ကုန်ပြီး။ မဲဆောက်နဲ့မြန်မာပြည်တွင်းဖုန်းဆက်ခအရမ်းဈေးကြီးတယ်။ ဒါကြောင့်ဖုန်းချလိုက်တော့မယ်။ နောက်ဆုံးအမိုးကိုမှာလိုက်မယ်။ ကျနော်တို့တော်လှန်ရေးကြီးအောင်မြင်တဲ့တစ်နေ့ ဒါမှမဟုတ် စစ်မှန်တဲ့ငြိမ်းချမ်းရေးဖြစ်မြောက်တဲ့တစ်နေ့ ကရင်ပြည်မှာ ဟောဒီလိုသာယာတဲ့မြို့၊ရပ်ကွက် ပျော်ရွှင်တဲ့မိသားစုဘဝအဖြစ်ပြန်လည်ရောက်ရှိနိုင်ဖို့ ဖိုးခွါးကို စောင့်မျှော်နေပါနော်အမိုး"

သူ၏မိခင်မှာလည်း အလားတူပြန်လည်ပြောကြားခဲ့သည်။ "အင်း–အင်း–ဖိုးခွါးရဲ့နောက်ဆုံးလိုအင်ဆန္ဒပြည့်ဝပြီးပန်းတိုင်သို့ အောင်ပွဲနှင့်အတူပြန်လာတဲ့နေ့ ပန်းကုံးဖြူဖြူဖွေးဖွေးနဲ့ အမိုးစောင့်မျှော်ကြိုဆိုနေပါ့မယ်။ ဖုန်းချလိုက်ပြီ––ကောင်းသောနေ့သစ်များဖြစ်ပါစေ။"

တူ — တူ—တူ––

(ပုံပြင်မဟုတ်ပါ။တိုက်ဆိုင်မှုအဖြစ်မှန်တစ်ချို့ကိုကိုးကားကောက်နှုတ်၍ရေးသားဖေါ်ပြလိုက်ရပါသည်။)

အထူးကျေးဇူးတင်လျက်

**တောင်ငူ**
**ဘွဲအဲ့မှီ**

# မတူညီကြသော်

၁၉၉၅ခုနှစ်, မတ်လ ကျောင်းသူ/သားများအိမ်တွင်နေထိုင်ဖို့ကြောက်နေရသည့်ကာလ တောင်ငူမော်ချီးကားလမ်းမပေါ် စစ်ယာဉ်တန်းတဝီဝီနဲ့ မွန်းလွဲ၄း၃၀လေးနာရီခွဲအချိန်ခန့်တွင် သံသစ်မြို့အဝင်ဝဖြတ်သန်းသွားသည့်အခါ၊အရပ်သားပြည်သူတစ်ချို့ရုပ်ရုပ်သဲသဲဖြင့်တဖုတ်ဖုတ်ပြေးလွှားနေကြသည်။ ဟုတ်ပါသည်။ စစ်မိန့်သံကြားရသည်နှင့်ဥက္ကဌနှင့်အတွင်းရေးမှူးများအလုပ်ရှုပ်ရစမြဲ။ စစ်ယာဉ်ကားသံများငြိမ်သက်နေပြီဖြစ်သောအခါ ဦးစောသံ အလျှင်အမြန်ဂိတ်ဝသို့တဖုတ်ဖုတ်အပြေးရောက်လာကာ ထိုစဉ်တပ်စုမှူးမင်းခိုင်ဦးစွာမြည်လိုက်သည်။

"ဟာ–ဥက္ကဌ–တအားနောက်ကျပါလား။ ဟိုးရှေ့မှာဗိုလ်မှူးစောင့်နေတာကြာနေပြီး။" ဟုလှမ်းအော်ငေါက်လိုက်သည်။ ဥက္ကဌမှာခြေတုံရင်တုံဖြင့်နှုတ်ဖျားမှ, "အင့်–အင့်–အင့်–" ဆိုပြီးခြေလှမ်းအား ဒီဂရီပိုမိုမြင့်လိုက်သည်။ သိပ်များမကြာပါ။ ဗိုလ်မှူးဆိုသူနှင့်ထိပ်တိုက်တိုးပါတော့သည်။

"ဘယ်လိုဖြစ်တာလဲဥက္ကဌ၊ကားတွေရောက်နေတာမမြင်မကြားဘူးလား။" ပြောသံကြားလိုက်ရပါသည်။ ဦးစောသံက, "ဩ—ဗိုလ်မှူးအတွက်သံတောင်လက်ဖက်ရည်နဲ့ကော်ဖီပြင်ပေးလို့ကြာသွားတာပါ။" "ဟာကွာ––ကျုပ်အတွက်ဒါတွေအလိုမရှိသေးဘူး။ အခုလောလောဆယ် အထမ်းသမား(၅၀)ဦးလောက်လိုအပ်တယ်၊မရလို့မဖြစ်ဘူး။ အထက်အမိန့်အရအမြန်ရှာပေးရမယ်။ အခုဒီညတွင်းချင်း ဒီဂိတ်အရောက်ပို့ပေးပါ။ ကျုပ်တို့မနက်ဖြန် ၅း၀၀နာရီ ဆက်လက်ချီတက်ဖို့ရှိတယ်။" ဗိုလ်မှူးမင်းငွေ လေသံခပ်မာမာနဲ့ပြောလိုက်သည်။ ဦးစောသံဘာတစ်ခွန်းမှဆက်ပြောခွင့်မရှိဘဲဖြစ်ကာ ၎င်းလက်ထဲရှိရေနွေးခရားအိုးအား သုံးရစ်ဆရာတစ်ဦးလှမ်းဆွဲယူပြီး, "ဥက္ကဌ––ကြာတယ်နော၊မြန်မြန်လေး။" ထပ်မံဖိအားပေးပြောလိုက်ပြန်သည်။ ဥက္ကဌဦးစောသံတစ်ယောက် အချိန်စက္ကန့်အနည်းငယ် မရရှိလောက်အောင်ဖြစ်နေ၍ ခြေဦးလှည့်ကာသံသစ်မြို့ရှိရပ်ကွက်(၁)မှူးမှ ရပ်ကွက်(၅)မှူးအထိအတွင်းရေးမှူးတို့အား ဒီညတစ်ရပ်ကွက်လျှင် စစ်တပ်အတွက် အထမ်းသမား(၁၀)ဦး၊မဖြစ်မနေစုဆောင်းပေးရန်ထပ်ဆင့်အကြောင်းကြားပြောရပြန်ပါသည်။ ထို့နောက် အတွင်းရေးမှူးနှင့်ရဲတစ်ချို့ပူးပေါင်းကာ တစ်အိမ်ဝင်တစ်အိမ်ထွက်လိုက်လံခေါ်ယူဖမ်းဆီးမှုကြောင့်၊ ၁၀တန်းကျောင်းသားတစ်ချို့စာမေးပွဲဖြေဆိုရန်ပြင်ဆင်ချိန်ဖြစ်သော်လည်း အထမ်းသမား(၅၀)ဦးအထဲတွင် ပါဝင်ဖမ်းဆီးခြင်းခံရသည်။ ထိုအချိန်ကာလမှာစစ်အာဏာအရှိန်အဝါကောင်းသောအချိန်ကာလဖြစ်သည်။ ကျောင်းသားနှင့်သက်ကြီးရွယ်အိုချန်လှပ်ထားခြင်းမရှိ။ မနက်ဝေလီဝေလင်းစောစောအချိန် စစ်ယာဉ်တန်းသည် တဝီဝီဖြင့် အရှေ့ဆူးဆူးသို့ချီတက်နေပါသည်။ အထမ်းသမား(၅၀)ဦးပါဝင်သည့်အထဲမှ မိသားစုဝင်များရှေ့တန်းနယ်မြေသို့ပါမသွားရန်တာဝန်ရှိသူများအားအမျိုးမျိုးတောင်းပန်ပြောဆိုသော်လည်းထူးခြားမှုမရှိပါ။ ဘေးအန္တရာယ်ကင်းရှင်းပြီး နေအိမ်သို့ပြန်လည်ရောက်ရှိအောင်ဆုတောင်းပေးခြင်းတစ်ခုသာလုပ်ဆောင်ပေးနိုင်ပါသည်။ ဥက္ကဌ ဦးစောသံသည် ဦးသံကြီးထံသို့အကြောင်းကြားလိုက်ပါသည်။ ဝန်ထမ်းအထမ်းသမား(၅၀)ဦး၊ စစ်ကြောင်းများမည်သည့်ဒေသများသို့ခေါ်ဆောင်သွားကြောင်း ဦးစောတော်အူးထံသတင်းပို့ပေးရန်နှင့်၊မိမိ၏ရွာသားများဖြစ်သောအထမ်းသမားများအား ချောချောမောမောပြန်လည်ရောက်ရှိအောင်အကူအညီတောင်းလိုက်ခြင်းဖြစ်သည်။ထိုသတင်းအား ဦးစောသံကြီးမှတစ်ဆင့် ဦးစောဂါလိကြားရသောကြောင့် သူငယ်ချင်းတပ်နယ်မှူးမင်းအောင်ထံအသိပေးအကြောင်းကြားသော်လည်းထူးခြားမှုတစ်စုံတစ်ရာသတင်းအကြောင်းအရာမှမရရှိခဲ့ပါ။ စဗဟမှူးမင်းလှိုင်က ဦးစောဂါလိအား ဤကဲ့သို့ အကြောင်းပြန် မှတ်ချက်ပြုပေးလိုက်သည်။

"အေး––ဦးသံကြီးရဲ့ရွာသားနဲ့ဦးစောဂါလိရွာသားတွေ တော်မှတ်သွားအောင်လုပ်လို့ရတယ်။ ဖြတ်တောက်လို့ရတယ်။ ငါတို့ဗမာတပ်မတော်မှာ ယာဉ်တဝီဝီနဲ့ ရိက္ခာအပုံပုံတွေရှိနေချိန်မှာ မင်းတို့ရွာသားတွေနဲ့၊ ဟိုး–သောင်းကျန်းသူတွေခြေချစရာမရှိ၊ စားစရာမရှိ၊ တော်သေကုန်မယ်မှတ်" ဟုပြောလိုက်သည်။ မင်းလှိုင် မှတ်ချက်ပြောသောစကားအား ဦးစောတော်အူးကြားရသည်နှင့်တစ်ပြိုင်နက် ပြေလည်ရာပြေလည်ကြောင်းဖြစ်သော်လည်း ယခုမှာမူ လူမျိုးရေးနှိမ့်ကွပ်မှုဖြစ်သောကြောင့်စိတ်ရှိလက်ရှိမင်းလှိုင်အား ပြန်လည်ပြောလိုက်သည်။

"ဟ–မင်းလှိုင်—မင်းရဲ့စကားကအတော်များနေပြီး။ အခုမင်းရဲ့လူ၊ မင်းငွေဘာလုပ်နေလဲ၊ဘာဖြစ်နေလဲဆိုတာသိရဲ့လား။ သူ့ရဲ့ပိုးထိုးနေတဲ့ဝန်ထမ်းဆန်ကို တောင်ပေါ်က အဟာရအပြည့်အဝရှိတဲ့တောင်ယာဆန်နဲ့လဲစားနေတယ်။ သုံးစတစ်စ၊ဆန်လဲစားနေတယ်ဆိုတာသိရဲ့လား။ ရိုးသားတဲ့ကရင်ရွာသားတွေကမလဲစားချင်ကြပါဘူး။ ဒါပေမဲ့ မင်းတို့ဗမာတပ်မတော်ကသိကြတဲ့အတိုင်းပါဘဲလေ၊ ကရင်တွေကအားနာတတ်တယ်လေ။ မကောင်းတတ်လို့လဲစားနေတာကိုလည်းနားလည်ပေးပါအုံး။" ဟုပြန်လည်ပြောကြားလိုက်သည်။

ဦးစောတော်အူးနှင့် မင်းလှိုင်တို့နှစ်ယောက်မှာ ကျောင်းနေဘက်သူငယ်ချင်းဖြစ်၍ ပြောမနာဆိုမနာဆိုပေမဲ့ ဒီတစ်ချိန်မှာတော့ အတိုင်းထက်အလွန်ဖြစ်ကာ ဦးစောတော်အူး ကရင်လူမျိုးပီပီ မဟုတ်မခံပြန်လည်ပြောကြားတုံ့ပြန်မှုကြောင့် ရက်လများမကြာမီ သူ၏ရုံးအစိုးရဝန်ထမ်းမှ အခြားဌါနမှတစ်ဆင့် အရပ်သားဘဝသို့ အသွင်ကူးပြောင်းခံရလေ၏။

**တောင်ငူ**

**အဲ့မို**



# ခေတ်ကြက်အကောင်ငယ်ကလေးများ ဥမှတစ်ဆင့်ပေါက်လာသည့် (ကြက်ဖောက်စက်) အကြောင်း သိကောင်းစရာ

ဦးစွာကျတော်စာရေး့ဆက်မရေးခင်"ကြက်မ"အရင်ဖြစ်တယ်။ ကြက်ဥအရင်ဖြစ်တယ်ဆိုတဲ့အကြောင်းအရာအားအနည်းငယ်ရှင်းပြချင်ပါတယ်။ ဒီအကြောင်းအရင်ကလူတစ်ချို့မသိလို့များလား။ သို့မဟုတ် ဟာသသဘောအနေဖြင့်ရည်ညွှန်းပြောဆိုကြတာများလားမပြောတတ်။ တစ်ကယ်တော့ ဤလောကကိုဘုရားရှင်က ကျွန်ုပ်တို့လူသားနှင့်တကွ တိရိစ္ဆာန်ဖြစ်သည့်ကြက်အဖိုအမတို့အား ဖန်ဆင်းပေးလိုက်ပါသည်။ ထိုကြက်အထီးအမမှတစ်ဆင့် ကြက်ဥ ကြက်အကောင်ငယ်ကလေးများပေါက်လာပြီး ကြက်အထီးအမသဘာဝသို့ရောက်ရှိရပါသည်။ ခေတ်ကြက်အကြောင်းမလေ့လာသောကြောင့် ခေတ်ကြက်မအား ဦးခေါင်းအမောက်ပါရှိခြင်းဖြင့် လူတစ်ချို့ ခေတ်ကြက်အထီးလည်းဥကြသည်ဟုထင်မြင်တတ်ကြသည်။

၁။ခေတ်ကြက်မမှရရှိသောဥများအား ခေတ်ဖောက်စက်ဖြင့်ဖောက်လျှင် အောက်ပါအတိုင်းခေတ်ကြက်အကောင်ငယ်ပေါက်ကလေးများတွေ့ရှိနိုင်ပါသည်။ ကဲ--ကျတော်နှင့်တကွ စာဖတ်ပရိသတ်များ ကြက်ဥမှတစ်ဆင့် ကြက်အကောင်ငယ်ဘဝအသွင်အဖြစ်သို့ ကူးပြောင်းပေးသောခေတ်ဖောက်စက်ဆီသို့လေ့လာကြည့်ကြပါစို့---

(က)ပထမအဆင့်-အလုပ်သမားနှင့်မျိုးကြက်ဥ

(ခ)ကြက်အကောင်ငယ်ကလေးများ ဖောက်ရန် ဖောက်စက်ဖွဲ့စည်းထားရှိပုံ

(ဂ)ကြက်ဥမှအကောင်ငယ်ပေါက်သည်အထိ ကြာမြင့်သည့်အချိန်ကာလ

(ဃ)နောက်ဆုံးအဆင့် ဝယ်ယူမည့်သူထံရောက်ရှိသည်အထိသတိပြုရန်

၂။အထက်ပါအပိုဒ်(က) ပထမအဆင့်-အလုပ်သမားနှင့်မျိုးကြက်ဥအကြောင်းအရာအားရှင်းလင်းရေးသားပြောရမည်ဆိုလျှင် ပထမအဆင့်အနေဖြင့် ကြက်မျိုးဥအား မိမိစီးပွားဖြင့်ခြံထွက်မှရရှိသောကြက်မျိုးဥမှလည်းကောင်း(သို့)ပြင်ပဖောက်သည်အဖြစ်မှရရှိသောကြက်ဥမျိုးမှလည်းကောင်း ရရှိနိုင်မည့်ကြက်ဥမျိုးနှစ်မျိုးဖြင့်၊ခေတ်ကြက်အကောင်ငယ်ကလေးများဖောက်နိုင်ပါသည်။ ထိုသို့ ကြက်ဥမျိုးများရရှိအောင် ကြက်မမျိုးဖောက်သည့် ကြက်မအကောင်(၁၀၀)လျှင်၊ကြက်အထီးအကောင်(၅၀)ပျမ်းမျှအားဖြင့်(၃)ထားရှိရပါမည်။ အဘယ်အတွက်ကြောင့် ဤကဲ့သို့ထားရှိရခြင်းမှာ ဖိုမမိတ်လိုက်ဆက်ဆံမှသာ သားဥအတွက် ရာခိုင်နှုန်းစိတ်ချရမည်ဖြစ်သဖြင့် ခေတ်ဖြင့်ဖောက်သည့်အခါ သားဥအကောင်ငယ်ရာနှုန်းပြည့်ထွက်ရှိရမည်ဖြစ်သည်။ ကြက်မသဘာဝမှာ ကြက်အထီး(ဖို)မိတ်လိုက်ဆက်ဆံခြင်းမပြုပါသော်လည်း အချိန်တန်လျှင်ဥကြလေ့ရှိသည်။ထို့ကြောင့် ဥများသည်မျိုး(သား)မတင်ပါ၊(လေဥ)အစံချောင်းများသာဖြစ်သည်။

ခေတ်ကြက်ဥများဖောက်လျှင် ကြက်အထီး(ဖို)မရှိမဖြစ်လိုအပ်ပါသည်။ ခြံထွက်ကြက်မျိုးဥ(သို့)ဖောက်သည့်ပြင်ပကြက်မျိုးဥများ မိမိထုတ်လုပ်ဖောက်စက်နေရာသို့ရောက်ရှိသောအခါ ဥပမာ-ကြက်မျိုးဥတစ်သိန်းအား ဖွဲ့သေတ္တာထဲမှကြက်ဥကဒ်အတွင်းသို့ ပထမအကြိမ် ဦးစွာအသာအယာကောက်ယူရပါမည်။ ထိုသို့ကောက်ယူစဉ် အလုပ်သမားအနည်းဆုံး၅ဦးမှ၇ဦးအထိရှိရပြီး အချိန်အတိုအတွင်းကောက်ယူလျှင်ပိုမိုအဆင်ပြေမည်။ မျိုးကြက်ဥများကောက်ယူရွေးသည့်အခါ ဥအဆမတန်ကြီး(ဥကြီး)ဥဖင်ခရုထုအက်ကွဲလျှင် ဖယ်ထုတ်ထားရပါမည်။ မျိုးဥတို့အား ကြက်ဥကဒ်ထဲမှတစ်ဆင့် ဥဘန်းထဲသို့ တစ်ဆက်တည်းမှာပင် ဆက်လက်ပြောင်းရွှေ့၍ ဖောက်စက်ထဲသို့ထည့်ရပါမည်။ ထိုသို့ထည့်သွင်းသည့်အခါ ဥဘန်းများအား တုန်ကင်နံပါတ် နေ့၊ရက်၊လတို့အား ရေမှတ်မှတ်သားရပါမည်။ မျိုးကြက်ဥများအား ကြက်ဥကဒ်မှတစ်ဆင့် ဖောက်စက်ဥဘန်းထဲသို့သွင်းသည့်အခါ သေချာစွာစီစစ်ပြီးသတိပြု၍ထည့်ရပါမည်။ ဥပမာ-ကြက်မဖင်မထွက်သည့်အချွန်ပိုင်းသည် ဥဘန်းပုံစံခွက်ထဲသို့စောင့်ထိုးထည့်သွင်း၍ နောက်ဆုံးမှ ကြက်မဖင်မှထွက်သည့်အပိုင်းတုံ့ထိအပိုင်းအား အပေါ်ပိုင်းတွင်ထားရှိရမည်။ သတ်မှတ်ချက်အတိုင်းမရှိပါက ရက်စေ့သည့်အချိန်တွင် ပေါက်လာသည့်ကြက်အကောင်ငယ်ကလေးများကမသန်မစွမ်းဖြစ်ကာ ပိုလီယိုရောဂါအကျောစွဲသဖွယ် ဦးခေါင်းများလိမ်ပယ်ကောက်ကွေးနေပါလိမ့်မည်။

၃။အထက်ပါအပိုဒ်(ခ) ကြက်အကောင်ငယ်ကလေးများဖောက်ရန် ဖောက်စက်ဖွဲ့စည်းထားပုံအားရှင်းလင်းရေးသားပြောရ

# ဓာတ်ကြက်မွေးမြူရေးအဆင့်ဆင့်















မည်ဆိုလျှင် မျိုးဥအကောင်ငယ်များ ဖောက်ရန်ဖောက်စက်(၃)လုံးရှိရပါမည်။ ၎င်းဖောက်စက်အား ကြက်ဥအလုံးအရေအတွက်ပေါ်မူတည်၍ အကျယ်အဝန်း၊အလျား၊အနံ တည်ဆောက်ရပါမည်။ ပထမနှင့်ဒုတိယဖောက်စက်နှစ်လုံးတို့မှာဖွဲ့စည်းပုံတူညီပါသည်။ပထမ၊ဒုတိယဖောက်စက်တွင်ပါဝင်သောပစ္စည်းများမှာ–လျှပ်စစ်မီးကွိုင်၊လေပန်ကာ၊ရေဘန်း၊အပူချိန်တိုင်းသာမိုမီတာ၊ ဗီရိုအတွင်းရှိဥဘန်းများထားရှိရန်နေရာနှင့် ဥဘန်းများလည်ပတ်ရန်ဒလက်တစ်ခုတို့ဖြစ်သည်။ တတိယဖောက်စက်တွင် လျှပ်စစ်မီးကွိုင်၊ လေပန်ကာ၊ ရိုးရိုးဗီရိုကဲ့သို့ ဥဘန်းများထားရှိရန် ဆင့်ကဲဆင့်ကဲအထပ်လိုက်အခန်းတို့ဖြစ်သည်။ လျှပ်စစ်မီးကွိုင်မှာမျိုးဥများအတွက်၊အနွေးဓာတ်အကျိုးပြုလေပန်ကာမှာလျှပ်စစ်မီးအပူကြောင့် သင့်မျှမှုရှိအောင် လေငွေ့လည်ပတ်ခြင်းအား၊ အကျိုးပြုရေဘန်းမှာ မီးအပူနှင့်လေလည်ပတ်မှုကြောင့် ရေအနွေးနှင့် လေအနွေးသင့်မျှမှုရှိအောင်နွေးထွေးမှုဓာတ်အား အားဖြည့်ပေးခြင်းဖြစ်သည်။ အပူချိန်တိုင်းသာမိုမီတာမှာ(၉၀) ဒီဂရီထက်မကျော်လွန်စေရန်နှင့် အပူချိန်မြင့်မားမှုမရှိအောင် သင်္ကေတချိတ်ဆွဲထားခြင်းဖြစ်သည်။

၄။အထက်ပါအပိုဒ်(ဂ) ကြက်ဥမှအကောင်ငယ်ပေါက်သည်အထိကြာမြင့်သည့်အချိန်ကာလအားရှင်းလင်းရေးသားရမည်ဆိုလျှင် ကြက်မျိုးဥကို ပထမဖောက်စက်တစ်လုံးထဲသို့စတင်ထည့်သွင်းချိန်မှ ပထမတစ်ပတ်ပြည့်လျှင် လေဥအစံချောင်းမှ မအောင်သည့်မျိုးဥများကိုစစ်ဆေးရပါမည်။ ထိုသို့စစ်ဆေးသည့်အခါ အမှောင်ထုတံခါးပြတင်းပေါက်များပိတ်၍ အမြင့်၂ပေခွဲ ဒူးတိုက်ခုံလေးထောင့်အပေါ်ဥဘန်းအားတင်ပြီး မီးလုံး(၆၀)အားဖြင့် မျိုးဥတစ်တန်းစီအလိုက် အပေါ်ယံပွတ်တိုက်စစ်ဆေးရမည်။လေဥအစံချောင်းဥများရှိလျှင် မီးအလင်းရောင်ကြောင့် အဖြူရောင်ဥများသိသာထင်ရှားစွာပေါ်လွင်နေပြီး ဥများမကျန်ရှိအောင်ကုန်စင်စွာကောက်ယူရပါမည်။ ထိုသို့ရရှိသောလေဥအစံချောင်းဥများအား မျိုးဥဈေးသို့ ပြန်လည်ရောင်းချနိုင်ပါသည်။ ဒုတိယအကြိမ်၂ပတ်(၁၄)ရက်ပြည့်လျှင် ထပ်မံ၍စစ်ဆေးရပါသေးသည်။ ပထမအကြိမ်စစ်ဆေးကျန်ရှိသည့်လေဥအစံချောင်းနှင့်တကွ သွေးကြောပြတ်၊ သားသေးသေးများအား ထပ်မံ၍ကောက်ယူရပါမည်။ ဒုတိယအကြိမ်စစ်ဆေးသည့်အခါတွင်လည်း ပထမအကြိမ်ပုံစံကဲ့သို့စစ်ဆေးပြီး ဥဘန်းများအား ဒုတိယဖောက်စက်သို့ပြန်လည်ပြောင်းရွှေ့ထားရှိရပါမည်။ ၃ပတ်(၂၁)ရက်ပြည့်မြောက်နေ့တွင် ဒုတိယဖောက်စက်မှ ဥဘန်းပုံစံခွက်မှမျိုးဥအား တတိယဖောက်စက်ဥဘန်းပြန့်ထဲသို့ထပ်မံပြောင်းရွှေ့ရပါမည်။ စုစုပေါင်း ၃ပတ်(၂၁)ရက်ကြာမြင့်ပြီး၊(၂၂)ရက်နေ့ညကြက်အကောင်များသိသာထင်ရှားစွာတွေ့မြင်ရပါလိမ့်မည်။

၅။အထက်ပါအပိုဒ်(ဃ) နောက်ဆုံးအဆင့်ဝယ်ယူသူထံရောက်ရှိသည်အထိသတိပြုရန်အား ရှင်းလင်းရေးသားရမည်ဆိုလျှင်၊ ဓာတ်ကြက်အကောင်ငယ်များဖောက်ရောင်းမည်ဆိုပါက ရောင်းသူဝယ်သူ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ကြက်အကောင်အရေအတွက်ရရှိရန်လာရောက်ယူရမည်။နေ့ရက်အတိအကျအားဘောင်ချာလက်မှတ်များပါပြုလုပ်ရပါမည်။

၆။ဖောက်စက်ဗီရိုသုံးလုံးအတွက်အားလျှပ်စစ်မီးအချိန်ပြည့်ရရှိရန်လိုအပ်သည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့်လျှပ်စစ်မီးပြတ်တောက်လျှင် မီးစက်ကြီးမြင်းအကောင်ရေ(၁၈)ကောင်အား ကြိုတင်ပြင်ဆင်ထားရှိရမည်။ သို့မဟုတ် ၎င်းမီးစက်ပါပျက်စီးချို့ယွင်းပါက ဖောက်စက်ပထမ၊ ဒုတိယနှစ်လုံးတို့ကို ဗီရိုတံခါးအား၂လက်မခန့်အကွာဖွင့်ဟပေးရမည်။ ဤကဲ့သို့ပြုလုပ်ပေးရန်သတိမေ့လျှင်၊အပူလောင်ကာ လေပိတ်၍ ပျက်စီးမှုနှင့်ရင်းနှီးမြှုပ်နှံမှုများဆုံးရှုံးသွားပါမည်။၂လက်မခန့်ဖွင့်ဟပေးမှုမှာအမြဲတမ်းမဟုတ်ပါ။ အရေးပေါ်မီးရရှိအောင်ခေတ္တနာရီပိုင်းအတွင်းအတွက်သာဖြစ်သည်။ တတိယဖောက်စက်တစ်လုံးအား နောက်ဆုံးအဆင့်ကြက်အကောင်ငယ်များအဖြစ်ရောက်ရှိပြီမို့ လျှပ်စစ်မီး အချိန်မှန်ရရှိရမည်ဖြစ်သည်။ ဖောက်စက်ယန္တရားများအတွက်အဓိကသော့ချက်မှာလျှပ်စစ်မီးသာဖြစ်သည်။

၇။ပထမနှင့်ဒုတိယဖောက်စက်နှစ်လုံးအား မနက်၆နာရီ၊ ညနေ၆နာရီ တစ်နေ့နှစ်ကြိမ်တိုင် မျိုးဥဘန်းဒလက်အားလည်ပတ်ပေးရမည်။ ဥပမာ–မနက်၆နာရီမှာ ဒလက်အားအရှေ့အရပ်၊ ညနေ၆နာရီ အနောက်ဘက်သို့လည်ပတ်ပေးရမည်။ တတိယဖောက်စက်အား သုံးပတ်(၂၁)ရက်နေ့မတိုင်ခင် ဥဘန်းနှင့်တကွ ဗီရိုဖောက်စက်အခန်းအထပ်လိုက်တို့ကို သက်ဆိုင်သည့်ပိုးသတ်ဆေးများသတ်ပေးရမည်။ တတိယဖောက်စက် နောက်ဆုံးအဆင့်ဗီရိုထဲမှကြက်အကောင်ငယ်များကိုထုတ်ယူပြီး ကြက်အထီးအမခွဲခြားတတ်သည့်ပညာရှင်များဖြင့် ကြက်အထီး၊ အမ၊ရော်ကာလပေါက်ဈေးတန်ဖိုးဖြင့် အထီးရောင်းဈေးတစ်မျိုး၊ အမရောင်းဈေးတစ်မျိုး၊ ထီးမရော်တစ်မျိုးဖြင့် သုံးမျိုးခွဲခြား၍ရောင်းချနိုင်ပါသည်။ ထိုသို့အထီး၊အမ၊ရော်ကြက်ပေါက်တို့ကိုမှာယူကြသည့်ဝယ်ယူသူများသတ်မှတ်ရက်နောက်နှေးကြန့်ကြာပါက ၎င်းကြက်အကောင်ပေါက်တို့ကိုအစာရေစာမကျွေးဘဲ တစ်ရက်မှသုံးရက်အထိအထားခံနိုင်ပါသည်။ ကြက်မဖြင့်ဝပ်ပေးစရာမလိုဘဲ ဖောက်စက်ဖြင့်ပေါက်နိုင်ကြောင်း ဖောက်စက်မှပေါက်လာသည့်ကြက်အကောင်ငယ်များကိုတွေ့မြင်သူတိုင်း ဝမ်းသာပီတိပျော်ရွှင်နိုင်ကြပေမည်။ တပိုင်တနိုင်မွေးမြူကြမည်။ လူတစ်ချို့ စီးပွါးရေးလုပ်ငန်းရှင်အဖြစ်လုပ်လိုသူများ၊ တစ်ချို့ဝင်ငွေစီးပွားတိုးကာသာယာကြည်နူးမှုအပေါင်းနှင့် ပြည့်ဝနိုင်ကြပါစေလို့ ကောက်နုတ်ရေးသားတင်ပြလိုက်ရပါသည်။

**တောင်ငူ–အဲ့မွို**

# မှတ်သားစရာအဆိုအမိန့်များ

(၁) နိုင်ငံရေးသမားဆိုတာမနက်ဖြန်ဘာဖြစ်မလဲ။ နောက်အပတ်ဘာဖြစ်မလဲ။ နောက်နှစ်ဘာဖြစ်မလဲ၊ ကြိုတင်ပြောနိုင်စွမ်းရှိတယ်။ ဒါတင်မကဘူး နောက်ပိုင်းမှာလည်း သူပြောခဲ့တာတွေဘာဖြစ်လာမလဲဆိုတာကို ရှင်းလင်းနိုင်စွမ်းရှိရမယ်။

(၂) လူတော်လူကောင်းတွေ နိုင်ငံရေးမလုပ်ချင်ကြရင် လူယုတ်မာတွေရဲ့အုပ်ချုပ်မှုကိုလိုလားလက်ခံကြရုံပဲပေါ့။

(၃) စိတ်ကူးစိတ်သန်းသည် ပညာထက်ပိုအရေးကြီးတယ်။

(၄) တစ်ခုတည်းသောကျွန်ုပ်တို့ကြောက်ရွံ့ခြင်းပင်ဖြစ်သည်။

(၅) နိုင်ငံရေးဆိုတာသွေးမထွက်တဲ့စစ်ပွဲ၊ စစ်ပွဲဆိုတာသွေးထွက်တဲ့နိုင်ငံရေး။

(၆) နိုင်ငံရေးရာတွေမှာ မိမိယုံကြည်ချက်အတိုင်း အခိုင်အမာရပ်တည်ပြီး မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ခြင်းဟာ တိုင်းသူပြည်သားတိုင်းရဲ့တာဝန်ဖြစ်ပါသည်။

(၇) ကိုယ့်ဂုဏ်သိက္ခာကိုကိုယ်တန်ဖိုးထားရင် လူကောင်းတွေနဲ့ပေါင်းပါ။ မကောင်းတဲ့လူနဲ့ပေါင်းမည့်အစား တစ်ယောက်တည်းနေတာကပိုကောင်းလိမ့်မည်။

(၈) အောင်မြင်မှုရဲ့သော့ချက်ကို ကျနော်မသိပေမယ့် ကျရှုံးခြင်းရဲ့သော့ချက်ကတော့ လူတိုင်းကိုကျေနပ်အောင်လိုက်လျောဖို့ကြိုးစားခြင်းပါပဲ။

(၉) ဆန့်ကျင်ဘက်တို့၏ညီညွတ်ရေးကိုရရှိရန် ဆောင်ရွက်ခြင်းသည် နိုင်ငံရေးဖြစ်သည်။

(၁၀) ရန်သူဆီကပင်ဖြစ်စေ၊ ပညာကိုဆည်းပူးရယူနိုင်သည်။

(၁၁) လူသည် အောင်မြင်ခြင်းမှ အနည်းငယ်သာသင်ကြားရရှိသည်။ သို့သော် ဆုံးရှုံးခြင်းကို ပိုမိုသင်ကြားရရှိ၏။

(၁၂) မတိုက်ခိုက်မီအောင် ရှောင်လို့ရသမျှအားလုံးရှောင်ပါ။ ဒါပေမယ့် တိုက်ရပြီဆိုရင်လည်း လေ့ခွက်ချည်းကျန်အလုံမလဲစတမ်း ဘယ်တော့မှအညံ့မခံနဲ့။

(၁၃) မျိုးချစ်စိတ်မှန်ကန်တယ်ဆိုရင် ပါတီစွဲဆိုတာမရှိဘူး။

(၁၄) စစ်ပွဲဟာသွေးစွန်းတဲ့နိုင်ငံရေးဖြစ်နေချိန်မှာ နိုင်ငံရေးကတော့ သွေးမစွန်းတဲ့စစ်ပွဲဖြစ်နေပါတယ်။

(၁၅) ဝေဖန်ဆန်းစစ်မှုမရှိတဲ့ဘဝဟာ တန်ဖိုးရှိတဲ့ဘဝနေထိုင်မှုမျိုးမဖြစ်နိုင်။

(၁၆) အသိပညာထက် ပိုမိုစွမ်းအားထက်တဲ့လက်နက်မရှိနိုင်။

(၁၇) ရှေ့ရေးကြိုမတွေးသောသူသည် မကြာမီအနီးကလေးကာလ၌ အခက်အခဲဒုက္ခများကြုံတွေ့ရလိမ့်မည်။

(၁၈) လူထုကြားမှာ အသိဉာဏ်၊ပညာမရှိပဲနဲ့တော့ လွတ်လပ်ခြင်းကိုထိန်းသိမ်းမထားနိုင်ဘူး။

(၁၉) တိုးတက်ဖြစ်ထွန်းမှုမှန်သမျှဟာ လူ့အဖွဲ့အစည်းနဲ့တိုက်ခိုက်စစ်ခင်းရတာချည်းပါပဲ။

(၂၀) စွမ်းဆောင်ရည်နှင့်လိုအပ်သည် တခုနှင့်တခုနီးကပ်စွာနေထိုင်ကြသည်။

(၂၁) လူတွေက လုပ်ပါ့မယ်လို့ကတိပေးပြီး ပျက်ကွက်မှာကိုကြိုသိခြင်းဟာ စီးပွားရေးလာဘ်မြင်ခြင်းပါပဲ။

(၂၂) ဆင်ခြင်ဉာဏ်ကင်းမဲ့တဲ့မိတ်ဆွေလောက် အန္တရာယ်ပေးနိုင်တဲ့လူမရှိတော့ပါဘူး။

(၂၃) အပြစ်ချည်းပဲရှာမနေပါနဲ့။ ဖြေရှင်းနည်းကိုရှာပါ။

**အစဉ်လေးစားစွာဖြင့်**

**ခိုင်စံရွှေမြင့်**
**မူတာရော်**



# မီးခြစ်တစ်လုံးပုံပြင်

ကိုသီသည်နိုင်ငံ့ဝန်ထမ်းတစ်ဦး၊ စာရေးဆရာတစ်ပိုင်းဖြစ်သောကြောင့် စက်ရုံတစ်ရုံ၏ဝန်ထမ်းအိမ်ရာတွင် အိမ်ခန်းကလေးတစ်ခန်းရသည်။ အတော်အတန်ကျယ်၍ မိသားစုတစ်ခုချောင်ချောင်ချိချိနေလောက်သည်။ ကိုသီ၏မိသားစုသည် အိမ်ခန်းအခြေအနေနှင့်ဆိုသော်အနေတော်ပင်ဖြစ်သည်။ကံကောင်းသည်ဟုဆိုရမည်။ မီးကိုလည်း စက်ရုံကပင်ပေးသည်။ တစ်ခါတစ်ခါတော့ကံဆိုးသည်။

ကိုသီတို့စက်ရုံဝန်ထမ်းအိမ်ရာတွင် မီးမကြာခဏပြတ်တတ်သည်။ မီးပြတ်သည်မှာအထူးအဆန်းမဟုတ်သော်လည်း မီးပြတ်ပါက(ဥပမာ–ညဘက်ပြတ်လျှင်ဖယောင်းတိုင်ထွန်းရ၊ မီးခွက်ထွန်းရလုပ်ရသည်။ ထိုအခါ မီးခြစ်ရှာရသည်။ ကိုသီတို့မိသားစုသည် ဆေးလိပ်သောက်တတ်သောမိသားစုမဟုတ်သောကြောင့် မီးခြစ်ကိုသုံးလေ့သုံးထမရှိ။ မီးပြတ်မှသာ မီးခြစ်ကိုသတိရသည်။ မီးခြစ်တစ်လုံး (လွယ်လွယ်ကူကူဂက်စ်မီးခြစ်)ဝယ်ထားလျှင် တစ်နှစ်လောက်သုံးရသည်။

ခြင်ဆေးထွန်းခြင်း၊ဧည့်သည်လာ၍ မီးခြစ်တောင်းခြင်းကိစ္စမှလွဲ၍ မီးခြစ်ကိုသိပ်သုံးလေ့သုံးထမရှိပါ။ ထို့ကြောင့်လည်း မီးခြစ်တစ်လုံးဝယ်ထားလျှင်မေ့လောက်အောင်သုံးရမည်။ ရံဖန်ရံခါ ဧည့်သည်လာ၍ ဖြုန်းခနဲမီးခြစ်ရှာမတွေ့လျှင် တစ်ခြားအခန်းများသို့ မီးခြစ်သွားတောင်းသော် ကျောက်ကုန်နေလို့၊ ခတ်ဆီကုန်နေလို့၊ ဂက်စ်မထည့်ရသေးလို့စသည်ဖြင့် တစ်ခါမျှအကူအညီမရ၊

စိတ်ညစ်ရသည်မှာညဥ့်နက်သန်းခေါင်မီးပြတ်သောအခါ မီးခြစ်ရှာမရသည့်ဒုက္ခဖြစ်သည်။ မီးကမလာ။ မီးခြစ်ကရှာမရ၊ ခဏခဏကြုံရသောအခါ ကိုသီကဤသို့စဉ်းစားသည်။ မီးခြစ်ကို ဇနီးသည်မရွှေနုရော၊ သားသမီးများပါရှာနိုင်၊ ယူနိုင်သောနေရာတွင် မှတ်မှတ်ရရအမြဲထားပါက မီးပြတ်လျှင်လည်း ထိုနေရာတွင်စမ်း၍ရှာလိုက်ပါက မီးခြစ်ကိုတွေ့နိုင်မည်ဖြစ်သည်။ထို့ကြောင့် မရွှေနုနှင့်ကလေးများကိုမှာထားရသည်။ သုံးပြီးသည်နှင့် မီးခြစ်ကို ဧည့်ခန်းကဗီရိုပေါ်တွင်တင်ထားဖို့။ မှန်သည်။ ကိုသီ၏စိတ်ကူးကောင်းသည်။ မီးပြတ်တိုင်း ပတ်ဝန်းကျင်အခန်းများမှ ဒေါ်ရွှေ၊ဒေါ်စိန်ကြည်၊ ဒေါ်ခင်ဝင်း၊ဦးမောင်အေး၊ ဒေါ်တင်ရီတို့သည် အလွယ်တကူရသောကိုသီအခန်းသို့ကူးလာကာမီးခြစ်တောင်းကြသည်။ ဟုတ်ကဲ့။ ထိုစိတ်ကူးပေါ်ပြီးတစ်ပတ်သာခံသည်။ မီးပြတ်သောအခါ မီးခြစ်ကိုဗီရိုပေါ်တွင်ရှာမရပြန်တော့။ မရွှေနုပဲယူသလို၊ သမီးကြီးပဲယူသလို၊ သားကြီးပဲယူပြီး သုံးသလိုလိုတရားခံရှာမရပြန်။

ကိုသီစဉ်းစားပြန်သည်။ အချိန်မတော်မီးပြတ်ပါက မီးခြစ်ရှာရသောဒုက္ခကိုဘယ်လိုဖြေရှင်းရမလဲဟုတွေးသည်။ အတွေးတစ်ခုဝင်လာသည်။ ကိုသီလက်ဖက်ရည်ဆိုင်ထိုင်သောအခါ လက်ဖက်ရည်ဆိုင်တွင် မီးခြစ်ကိုခဏခဏတောင်းကြသောကြောင့် တောင်းပြီးပြန်မပေးလျှင် မီးခြစ်ပျောက်မှုကိုကာကွယ်ရန် မီးခြစ်ကိုတစ်နေရာရာတွင်ကြိုးနှင့်ချည်ထားတတ်သည်။ မီးခြစ်လိုလျှင်ထပြီးခြစ်။ ကောင်းပြီ။ ထိုအစီအစဉ်ကောင်းသည်။ အိမ်တွင်းတစ်နေရာရာတွင် မီးခြစ်ကိုကြိုးချည်ထားပါက အချိန်မတော်ထရှာရသောဒုက္ခ၊ ဒေါ်ရွှေတို့၊ဒေါ်စိန်ကြည်တို့ ဦးမောင်အေးတို့လာတောင်းပါက ထထရှာရသောဒုက္ခကင်းဝေးတော့မည်ဟုသဘောပေါက်သည်။ ထို့ကြောင့် မီးခြစ်ကို တိုင်တစ်တိုင်တွင်ကြိုးချည်ထားရန်နေရာရှာသည်။ တွေ့ပြီ။ ကိုသီတို့အိမ်ခန်းများသည် တိုက်ခန်းများဖြစ်သောကြောင့် သံရိုက်ရန်သစ်သားတိုင်ကအလယ်တိုင်တစ်တိုင်တွင်သာရှိသည်။ ထို့ကြောင့် အလယ်တိုင်တွင်သံရိုက်ကာ ကြိုးတစ်ချောင်းနှင့်မီးခြစ်ကိုချည်ထားလိုက်သည်။

သို့သော် ထိုအလယ်တိုင်ကတိုင်ကိုခေါင်းမှီကာ ပက်လက်ကုလားထိုင်ချ၍ကိုသီစာဖတ်သောနေရာဖြစ်သည်။ တစ်နေ့ နေ့လယ်ဘက် ကိုသီစာဖတ်နေရင်း ဘေးအခန်းကဒေါ်ခင်ဝင်းဆေးလိပ်တိုတစ်တိုမီးလာညှိသည်။ နောက်တစ်ခါ ဦးမောင်အေးမီးလာညှိပြန်သည်။ သူတို့အိမ်မှမီးခြစ်များကျောက်ကုန်၍၊ ခတ်ငွေ့ကုန်၍ဖြစ်ဟန်တူသည်ဟု ကိုသီမှတ်ချက်ချသည်။

တစ်ခါညဘက်စာဖတ်နေရင်း (၉)နာရီခွဲလောက်တွင်မီးကပြတ်သွားသည်။ကုလားထိုင်ပေါ်မှကိုသီကုန်းထကာ ဖယောင်းတိုင်ထွန်းရန်ဖယောင်းတိုင်ကို အရှာမှောင်မည်းမည်းတွင်တစ်စုံတစ်ယောက်နှင့်တိုက်မိသလိုလိုဖြစ်သွားသည်။ကိုသီလည်းလန့်သွားသည်။ ထိုအခါမှ–

"ဟီး––ဟီး––၊ ဦး––မီးတစ်တို့လောက်" ဘေးခန်းကခင်ခင်ဝင်းအသံဖြစ်သည်။

ညဥ့်ဦးပိုင်းမအိပ်မီ မီးပြတ်သောအခါများတွင် ကိုသီကမီးခြစ်ပြီး ဖယောင်းတိုင်ထွန်းကာရှိသေးသည်။ အိမ်ရှေ့တွင် တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြကာ–––––

ဒေါ်ရွှေက၊"မောင်သီ––ဆေးလိပ်မီးတစ်တို့လောက်"

ဒေါ်စိန်ကြည်က“ကိုသီ––မီးတို့မယ်––– ဦးမောင်အေးက၊ဆရာ–––မီးတစ်ခြစ်လောက်”

တစ်ခါတစ်ခါကျတော့လည်း ခဏခဏလာတောင်းကြဖန်များသောကြောင့်အားနာလာသည်ထင်ပါ၏။ ကျနော်စာဖတ်ပျက်မှာစိုးသောကြောင့် ခေါင်းရင်းနားကတိုင်တွင်မီးလာခြစ်ကြသည်။ ညှော်သည်လာ၍ ဆေးလိပ်မီးလာတို့ကြ၏။ ကျနော်စာဖတ်မပျက်သော်လည်းခေါင်းပေါ်တွင်မီးလာခြစ်သောကြောင့် မရှိမဲ့ရှိမဲ့ဆံပင်လေး မီးလောင်မှာစိုးရ၏။ ခေါင်းမှာလည်းပူပူသွား၏။ တစ်ခါတစ်ခါကျပြန်တော့လည်း စာဖတ်ရင်း ကုလားထိုင်ပေါ်တွင်အိပ်ပျော်သွားသောအခါ၌ ရှဲခနဲမီးခြစ်သံကြောင့် လန့်နိုးသွားရ၏။

တစ်နေ့ညလယ်လောက် အိပ်ရာကနိုးလာသောအခါ မျက်လုံးဖွင့်ကြည့်လိုက်တော့၊ညအိပ်မီးပြာလေးမလင်းတော့၊သိပြီ၊မီးပြတ်ပြီဟုအပေါ့အပါးလည်းသွားချင်သောကြောင့်အိပ်ရာကအထ–––

“ဒေါက်–––ဒေါက်”

“ဒေါက်–––ဒေါက်”

ဂရုစိုက်ကာနားထောင်ကြည့်တော့ အိမ်ရှေ့တံခါးခေါက်သံဖြစ်သည်။ အချိန်မတော် ဘယ်သူပါလိမ့်ဟုထကာ–

“ဘယ်သူလဲဟေ့”

“ဦး––ကျမပါ––ခင်ခင်ဝင်းပါ”

“ဟေ–ခင်ခင်ဝင်း၊ဘာကိစ္စလဲ”

“မီးပြတ်နေလို့–––မီးတစ်ခြစ်လောက်”

“ဟေ––––”

ဒုက္ခ၊ အချိန်မတော်မီးတစ်ခြစ်လောက်တဲ့။ နာရီကြည့်လိုက်တော့ နံနက်၂နာရီကျော်ထိုးပြီ။

“ညည်းအိမ်ကမီးခြစ်ဘယ်ရောက်သွားလို့လဲ”

“ဦးမောင်အေး–––အလုပ်ထဲယူသွားလို့တဲ့”

မီးပြတ်ပြီဆိုတာနဲ့ အနီးဆုံးဘေးခန်းကခင်ခင်ဝင်း၊ ဦးမောင်အေးတို့ချက်ချင်းရောက်လာကြ၏။ သိပ်မကြာမီ ဒေါ်စိန်ကြည်၊ ဒေါ်ရွှေ၊ တစ်ခါတစ်ခါ အပျိုကြီးဒေါ်တင်ရီ၊ တစ်ခါတလေနောက်ဖေးဘက်က ဦးတင်ဝင်းတို့၊ ဒေါ်အေးဘုံတို့ပင်ရောက်လာကြသေး၏။

ကိုသီ၊စဉ်းစားခန်းထုတ်ပြန်သည်။ မီးခြစ်ကို အိမ်အလယ်တိုင်မှာချည်ထား၍ တစ်ယောက်ပြီးတစ်ယောက်ဝင်ခြစ်နေကြတော့ မှောင်ကြီးထဲမှာ ဆူးလေဘုရားလမ်းက ပလက်ဖောင်းပေါ်ရောက်နေသလားအောက်မေ့ရသည်။ လူကိုမနည်းရှောင်နေရသည်။ အိမ်ထဲညှော်သည်လာတော့လည်း ညှော်သည်မီးခြစ်တောင်းပါက ညှော်သည်ထထပ်လာနေရသည်။ အဲ့ဒီတော့မဟန်။

စိတ်ကူးတစ်ခုရပြန်သည်။ အကယ်၍ မီးခြစ်ကို အိမ်ရှေ့အပေါက်ဝနားကသစ်သားတိုင်တွင်ချည်ထားလိုက်သော် မီးလာတို့သမျှ လာတောင်းသမျှတို့သည် အိမ်ထဲဝင်လာစရာမလိုတော့။ မှောင်ကြီးထဲမှာလည်းလူချင်းရှောင်စရာမလိုတော့။ အပေါက်နားတွင် ညှော်သည်လည်းမီးခြစ်တောင်းပါက ထလာစရာမလို။ ဟုတ်ပြီ။ ကိုသီစိတ်ကူးပေါ်သည်နှင့် ကြိုးချည်ထားသောမီးခြစ်ကို အိမ်ရှေ့အပေါက်ဝနားသို့ ရွှေ့လိုက်တော့သည်။

တွဲလောင်းကျနေသောမီးခြစ်ကိုမြင်သည်နှင့် ညှော်သည်လည်း မီးခြစ်မတောင်းတော့။ ထပြီးကောက်ခြစ်သွားသည်။ ဦးမောင်အေး၊ ခင်ခင်ဝင်း၊ ဒေါ်စိန်ကြည်၊ ဒေါ်ရွှေတို့လည်း မီးပြတ်သည်နှင့် အပေါက်ဝနားရောက်လာကာ အလွယ်တကူမီးခြစ်သွားကြတော့သည်။ မီးခြစ်သည် အိမ်ပေါက်ဝနားတွင်ရှိသောကြောင့် အိမ်ကိုရောက်ဖူးသောညှော်သည်များက လမ်းကြုံ၍အိမ်ရှေ့ကဖြတ်သွားလျှင် ဝင်လာကြကာမီးတစ်ခြစ်လောက်ကောက်ခြစ်၍ ဆေးလိပ်သောက်သွားကြ၏။ ထို့ကြောင့် တစ်နှစ်မှ တစ်ခါသာဓာတ်ငွေ့ထည့်ရသောကိုသီအိမ်မှမီးခြစ်သည် တစ်လတစ်ခါ၊ နှစ်လတစ်ခါ ဓာတ်ငွေ့ထည့်ရတော့ဟူ၏။ တစ်ချို့က–

“ကိုသီ–––ဟန်ကျသဗျာ”

“စိတ်ကူးကောင်းသဗျာ”

ဒေါ်ရွှေကဆိုလျှင်–––––

“ဝါ့မှာ မီးခြစ်ပျောက်တာအလုံးပေါင်းကိုမရေနိုင်တော့ဘူး။ နင်မီးခြစ်ထားတာကိုသဘောကျလို့ အိမ်မှာလုပ်ကြည့်တာတော်တော်အဆင်ပြေသဟဲ့–––”

တစ်နေ့ ကိုသီရုံးကပြန်ရောက်တော့ အမှတ်မထင် မျက်စိက မီးခြစ်ဆီကိုရောက်သွားတယ်။ မီးခြစ်ကိုချည်ထားတဲ့ကြိုးက အရင်ချည်ထားတုန်းက တစ်ကိုက်လောက်ရှည်ပြီး ယခုတစ်တောင်ပင်မပြည့်ချင်တော့။ ကိုသီက၊ မရွှေနုအား–

“ဘယ်လိုဖြစ်တာလဲကွ”

“ဟိုဥစ္စာ”“ဘာလဲ”“မပြောတတ်ပါဘူးရှင်၊ဘယ်သူတွေမီးညှိလို့ကြိုးမီးလောင်သွားသလဲမသိပါဘူး။တဖြည်းဖြည်းနဲ့ကြိုးကတော့တိုတိုသွားတာပဲ။ကျမလည်းထိုင်မကြည့်အားပါဘူး––”

နောက်ဆုံးတိုင်တွင်ချည်ထားသောမီးခြစ်မရှိတော့။ဘယ်သူယူသွားသည်၊ ပျောက်သွားသည်မသိရတော့။

“မရွှေနုလာပါဦးကွ”

“ဆိုပါဦးတော်”

“ဓာတ်ငွေ့မီးခြစ်တစ်လုံးဘယ်လောက်လဲကွ”

“ဟိုဥစ္စာ–၁၅၀လောက်ရှိမယ်ထင်တယ်”

“ဒါဆိုရင်–ဒေါ်ရွှေ၊ဒေါ်စိန်ကြည်၊ဦးမောင်အေး၊ခင်ခင်ဝင်း၊ လိုရမည်ရအပျိုကြီး ဒေါ်တင်ရီအတွက်ပါ ငါးလုံးလောက်ဝယ်လိုက်ကွာ––ရော့၇၅၀––”

“ဟောတော့–––မီးခြစ်ငါးလုံးတောင်ဘာဖြစ်လို့ဝယ်မှာတုံး။”

“တစ်ယောက်တစ်လုံးစီလှူမလို့ကွ။ ငါကြားဖူးတာကတော့ ရေလှူတယ်ဆိုတာရေအကျိုး(၁၀)ပါးက ဆုမတောင်းဘဲပြည့်တယ်တဲ့ကွ။ မီးခြစ်လှူတယ်ဆိုတာကတော့ မီးလှူတယ်လို့ပဲသဘောထားရမှာပေါ့ကွာ။ မီးလှူတာကတော့ ဘယ်လိုကုသိုလ်ရတယ်ဆိုတာတော့ငါမသိဘူး။ လှူရင်တော့ကုသိုလ်ရတယ်ဆိုတာတော့ငါသဘောပေါက်တယ်။ မီးပြတ်တိုင်း၊ မီးခြစ်လာလာခြစ်ကြတော့ မီးခြစ်ကိုကြိုးချည်ပြီးအိမ်ပေါက်ဝမှာထားရတဲ့အဖြစ်ကိုရောက်တယ်မလား။ လိုအပ်တဲ့အချိန်မှာကိုယ်ကဖြည့်ဆည်းပေးနိုင်တာကိုလှူတယ်လို့ပဲသဘောထားပါတယ်ကွာ။ တစ်ချို့ကလည်း မီးခြစ်ပျောက်နေလို့၊ ဓာတ်ငွေ့ကုန်နေလို့စသဖြင့် အိမ်မှာလာလာတောင်းနေကြတာ။ ဒီတစ်ခါတော့ တစ်အိမ်တစ်လုံးကျ မီးခြစ်တွေဝယ်ပြီးလှူလိုက်မယ်လို့စိတ်ကူးတယ်။ ကုသိုလ်လည်းရ၊ သူတို့လည်းအဆင်ပြေပေါ့ကွာ။ ဟုတ်ဘူးလား”

"သဘောလေ"

ဤသို့ဖြင့် ခေတ်ငွေ့မီးခြစ်ငါးလုံးကိုဈေးမှဝယ်လာကာ တစ်ယောက်လျှင် တစ်လုံးကျ ကိုသီလက်ဆောင်အဖြစ်ပေးလိုက်၏။ အားလုံးသဘောကျသွားကြ၏။ ထိုအခါကျမှမီးခြစ်လာတောင်းကြခြင်း ဒုက္ခကင်းဝေးကာ ကိုသီလည်း အေးအေးဆေးဆေးစာဖတ်ရအဆင်ပြေသွားတော့၏။ ညဘက်လည်းကောင်းကောင်းအိပ်ရတော့၏။မီးခြစ်လှူရသောကုသိုလ်ကြောင့် ကိုသီလည်းဝမ်းသာပီတိဖြစ်သွားတော့၏။ မီးခြစ်လက်ဆောင်ပေးပြီးတစ်လခန့်အကြာတွင် ခင်ခင်ဝင်း ရောက်လာသည်။

"ဦး----မီးတစ်ခြစ်လောက်"

"ဟေ--မီးခြစ်ဟုတ်လား။ငါဝယ်ပေးထားတဲ့မီးခြစ်ရော"

"ကလေးတွေယူဆော့တာ ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

"ဒါဆို နင်တို့အိမ်မှာအရင်တုန်းကရှိတဲ့မီးခြစ်ရော"

"ဦးမောင်အေးအလုပ်ထဲယူသွားလို့"

"ဪ--ဪ--"

နောက်တစ်ပတ်ခန့်အကြာတွင် မီးပြတ်သောညတစ်ညမှာ အိမ်ရှေ့ကို ဒေါ်ရွှေရောက်လာသည်။ လက်ထဲတွင် ဖယောင်းတိုင်လေးကိုင်လို့---

"မောင်သီ----မီးတစ်ခြစ်လောက်"

"ကျနော်ပေးထားတဲ့မီးခြစ်ရော"

"ဟို--ဟို--အဲ--ရှပ်ရှင်သွားကြည့်ရင်း ရုံထဲမှာကျန်ခဲ့လို့ပါကွယ်"

ဒေါ်စိန်ကြည်ကလည်း မီးခွက်ကြီးကိုင်လို့ ဒေါ်တင်ရီကလည်း မှန်အိမ်ကလေးကိုင်လို့----

"ကဲ---ဒေါ်စိန်ကြည်"

"ဟို-ပေးထားတဲ့မီးခြစ်ကခေတ်ငွေ့ကုန်သွားလို့--"

"ကဲ----ဒေါ်တင်ရီကရော"

"ကျောက်မရှိတော့လို့"

"ကဲ--ဒီတစ်ခါတော့ကိုသီတစ်ယောက် ဘာများတတ်နိုင်ဦးပါမည်လဲခင်ဗျာ။ ။"

စံတော်ချိန်သတင်းစာမှကူးယူဖော်ပြပါသည်။

မောင်မြင့်မား (ဗိုလ်ကလေး)



ကညီဖိၣ်မုၣ်ကရၢလီၤတၢ်ကရၢကရိဆူမဲၢ်လၤအခူဲကဝီၤ



တၢ်အကျိၤအကွဲလၢတၢ်ဟ့ၣ်က့ၤတၢ်စံးဆၢတဘျီဃီတၢ်မၤလိလၢ
ကညီဖိၣ်မုၣ်ကရၢလၢခဲကဝီၤဒီးကိၢ်ရှၣ်တဖၣ်
ဖဲကရူၢ်တၢ်တၢၣ်ပီၣ်တဲသကိးအခါ



ကညီဖိၣ်မုၣ်ကရၢဝဲၤဒၢးပှၤမၤတၢ်ဖိတဖၣ်ထီၣ်တၢ်ပၢဆှၢရဲၣ်ကျဲၤ
တၢ်တိာ်ကျဲၤတၢ်လဲၤတရံးတၢ်မၤလိအခါ